## ပြည်ပဆန်သတင်း

ဇန်နဝါရီလဆန်းမှစ၍ ကျဆင်းလာသော အာရှဆန်ဈေးနှုန်းများသည် မတ်လဆန်းအထိ ဆက်လက် ကျဆင်းလာခဲ့ပါသည်။ မတ်လ (၅) မတိုင်မီက တစ်တန်လျှင် ကန်ဒေါ်လာ ၅၅၀ ရှိခဲ့သော ထိုင်းဆန်ဖြူ ၁၀၀% B သည် မတ်လ (၅) ရက်နေ့မှစ၍ တစ်တန်လျှင် ၅၂၀ ဒေါ်လာသို့ ရောက်ရှိခဲ့ပါသည်။ အလားတူထိုင်း ဆန်ဖြူ ၂၅% သည်လည်း တစ်တန်လျှင် ၄၈၀ ဒေါ်လာမှ ၄၆၀ ဒေါ်လာသို့လည်းကောင်း၊ ဗီယက်နမ်ဆန်ဖြူ ၂၅% မှာ ၃၇၅ ဒေါ်လာမှ ၃၆၅ ဒေါ်လာသို့လည်းကောင်း ရောက်ရှိသွားခဲ့ပါသည်။

ကမ္ဘာ့ဆန်ထုတ်လုပ်မှုအများဆုံး ထိုင်းနှင့်ဗီယက်နမ်၌ ဆန်သစ်ပေါ်နေချိန်တွင် ကမ္ဘာ့ဆန်ဝယ်လိုအားနည်းနေခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် ထိုင်းအစိုးရက ဈေးကွက်ဈေးနှုန်း မကျဆင်းစေ ရန် လယ်သမားများထံမှ ဆန်ကို စတင်ဝယ်ယူနေသည့်အပြင် ထိုင်းနှင့် ဗီယက်နမ်က ဆန်သိုလှောင်ရုံများ တည်ဆောက်နေခြင်းသည် ဆန်ဈေးနှုန်းကျဆင်းမှုကို ထိန်းထားကြောင်း သိရသည်။

### (က) ထိုင်းဆန်သတင်း

ထိုင်းနိုင်ငံသည် ဆန်သစ်ပေါ်ချိန် ဈေးကျဆင်းမှု မရှိစေရေးအတွက် ဈေးကွက်အထောက်အပံ့ပေး ရန် လယ်သမားများထံမှ မတ်လ (၅) ရက်နေ့က စတင်၍ ဆန်ဝယ်ယူနေပြီဖြစ်ကြောင်း သိရသည်။ ၎င်းအပြင် ထိုင်းနိုင်ငံသည် ဈေးကျမည်စိုး၍ သိုလှောင်ထားရှိပြီးသား ဆန်တန်ချိန် ၆ သန်းအား လာမည့်လ များတွင်လည်း ရောင်းချဦးမည်မဟုတ်ကြောင်း၊ လက်ရှိနွေစပါး ရိတ်သိမ်းမှု တန်ချိန်မှာလည်း (၇) သန်း ဝန်းကျင် ထုတ်လုပ်နိုင်မည် မျှော်မှန်းကြောင်း၊ ဧပြီလလယ်သည် ဆန်ထွက်ရှိမှုအမြင့်ဆုံးအချိန် ဖြစ်ကြောင်း ထိုင်းလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ဆိုပါသည်။

### (ခ) ဗီယက်နမ် ဆန်သတင်း

ဗီယက်နမ်သည် ၂၀၁၀ တွင် ဆန်တန်ချိန် ၆ သန်း တင်ပို့နိုင်ရန် စီစဉ်နေကြောင်း၊ ဗီယက်နမ်စားနပ်ရိက္ခာအသင်း (VFA) က ဆိုပါသည်။ ယင်းပမာဏသည် ၂၀၀၉ ခုနှစ် ဆန်တင်ပို့မှု တန်ချိန် ၆.၀၅ သန်းထက် အနည်းငယ် လျော့နည်းသွားသည်။ ၂၀၁၀ ပထမ (၃)လပတ်အတွင်း ဆန်တန်ချိန် ၁.၂ သန်း တင်ပို့မည်ဖြစ်ပြီး ဒုတိယ (၃)လပတ်တွင် ဆန်တန်ချိန် ၂ သန်း တင်ပို့မည်ဖြစ်ကြောင်း၊ တတိယ (၃)လပတ်တွင် ဆန်တန်ချိန် ၁.၅ သန်း

တင်ပို့မည်ဖြစ်ပြီး၊ စတုတ္ထ (၃)လပတ်တွင် ဆန်တန်ချိန် ၁.၃ သန်း တင်ပို့မည်ဖြစ်ကြောင်း ဗီယက်နမ်စီးပွားရေးသတင်းဌာနသို့ VFA က ပြောကြားခဲ့သည်။

**(ဂ) အိန္ဒိယဆန်သတင်း**

အိန္ဒိယသည် ဘာစမာတီမဟုတ်သော ဆန်တန်ချိန် ၄၅၀၀၀ အား နိုင်ငံပိုင် အေဂျင်စီနှစ်ခုဖြစ်သော PEC Ltd နှင့် MMTC Ltd မှ တဆင့် တင်ပို့ရောင်းချရန် ခွင့်ပြုလိုက်ကြောင်း သိရသည်။ ခွင့်ပြုတန်ချိန် ၄၅၀၀၀ အနက် တန်ချိန် ၂၀၀၀၀ ကို သီရိလင်္ကာသို့ တင်ပို့မည်ဖြစ်ပြီး ကျန်တန်ချိန်၂၅၀၀၀ ကိုမူ နီပေါ နိုင်ငံသို့ တင်ပို့မည်ဟု သိရသည်။ အိန္ဒိယသည် လက်ရှိတွင် ဘာစမာတီမဟုတ်သော ဆန်တင်ပို့မှုကို ခွင့် ပြုမထားသေးကြောင်း၊ အစိုးရချင်းရောင်းချမှုစနစ်ဖြင့်သာ ခွင့်ပြုထားကြောင်း သိရသည်။

**(ဃ) ပါကစ္စတန် ဆန်သတင်း**

ပါကစ္စတန်သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ဇူလိုင်မှ ဖေဖော်ဝါရီအထိ (၈)လတာ ကာလတွင် ဆန်တင်ပို့မှု ဝင်ငွေ ကန်ဒေါ်လာ ၁.၄ ဘီလီယံ ရရှိခဲ့ပြီး တန်ချိန် ၂၈၂၉၅၀၃ တန် တင်ပို့ခဲ့ရ ကြောင်း သိရသည်။ ယခင် ဘဏ္ဍာနှစ်အလားတူကာလ ဆန်တင်ပို့ဝင်ငွေမှာ ကန်ဒေါ်လာ ၁.၂ ဘီလီယံ (တန်ချိန် ၁၈၀၁၃၉၉) ဖြစ်ရာ ယခုနှစ်တွင် ပိုမိုတင်ပို့ခဲ့သည်ဟု တရားဝင်စာရင်း ဇယားအရ သိရသည်။

**(င) အင်ဒိုနီးရှားနိုင်ငံ ဆန်သတင်း**

အင်ဒိုနီးရှားနိုင်ငံ ဆန်စပါးရိတ်သိမ်းမှုပမာဏ မြင့်မားလာသဖြင့် ၂၀၁၀ တွင် ပြည်ပသို့ ဆန်တင်ပို့ နိုင်ဖွယ်ရှိသည်ဟု အင်ဒိုနီးရှားလယ်ယာစိုက်ပျိုးဝန်ကြီး Suswono က ဗဟိုစာရင်းအင်းအေဂျင်စီ (BPS) ၏ စာရင်းဇယားကို ကိုးကား၍ ပြောပြလာသည်။ အလယ်အလတ်တန်း အရည်အသွေးရှိသော ဆန်ကို ပြည်တွင်းအရန် ဆန်အဖြစ် ဦးစားပေး သိုလှောင်ထားမည်ဖြစ်သလို ပြည်ပတင်ပို့ရန်အတွက်လည်း အလယ်အလတ်တန်းအဆင့် ဆန်ကိုသာ တင်ပို့ နိုင်ဖွယ် ရှိ ကြောင်း ခန့်မှန်းထားသည်။

(စ) **အီရတ် ဆန်သတင်း**

အီရတ်နိုင်ငံသည် အမေရိ၊ ပါကစ္စတန်၊ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့မှ ဆန်တန်ချိန် ၂၀၉၀၀၀ ဝယ်ယူတင်သွင်းရန် စာချုပ် (၄) စောင်တွင် လက်မှတ်ရေးထိုးပြီးခဲ့ကြောင်း အီရတ်ကုန်သွယ်ရေးဝန်ကြီး ဌာနက မတ်လ ၃ ရက်နေ့တွင် ကြေငြာခဲ့သည်။

ဆန်တစ်တန်လျှင် ဈေးနှုန်းမှာ ၄၂၃ ဒေါ်လာမှ ၅၃၄ ဒေါ်လာအကြားဖြစ်ပြီး (FOB) စနစ်ဖြင့် ဝယ်ယူကြောင်း သိရသည်။ အီရတ်သည် တစ်လလျှင် ဆန်တန်ချိန် ၉၀၀၀၀ ထက် ပိုမိုစားသုံးပြီး နှစ်စဉ် ဆန်တန်ချိန် ၁.၂ သန်း ခန့်တင်သွင်းကြောင်း သိရသည်။

Source: in.reuters.com , oryza.com

Dated: 3,5 March 2010